ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

NATIONAL COUNCIL OF THE UNION OF BURMA

## ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ နဝမအကြိမ်မြောက်ညီလာခံ၏ သဘောထားထုတ်ပြန်ကြေညာချက်

၁။ ယနေ့ရင်ဆိုင်ကြုံတွေ့နေရသော မြန်မာနိုင်ငံ၏ပြဿနာအရပ်ရပ်အား တွေ့ဆုံဆွေးနွေးအဖြေရှာသောနည်းဖြင့် ဖြေရှင်းရန် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအပါအဝင် ပြည်တွင်းပြည်ပအင်အားစုအသီးသီးနှင့် နိုင်ငံတကာမိသားစုများမှ နှစ်ရှည်လများတင်ပြတောင်းဆိုခဲ့သည်။ ၎င်းတွေ့ဆုံဆွေးနွေးရေးတောင်းဆိုနေမှုမှန်သမျှကို စစ်အုပ်စုသည် လုံးလုံးပစ်ပယ် ကျောခိုင်းလိုက်ပြီး စစ်အာဏာရှင်စနစ်အား တရားဝင်အတည်ပြုမည့် ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေအား အသက်သွင်းနိုင်ရန် ရည်ရွယ်၍ ၂၀၁၀ခုနှစ် နိုဝင်ဘာလတွင် ရွေးကောက်ပွဲအတုအယောင်တရပ်အား ကျင်းပရန် ပြင်ဆင်နေသည်။ ထို့ကြောင့် ပြည်ထောစုမြန်မာနိုင်ငံအမျိုးသားကောင်စီသည် ထိုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၎င်းဥပဒေအရ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအပါအဝင် ၎င်း၏ရလဒ်များကို သဏ္ဍာန်မျိုးစုံဖြင့် ဆက်လက်ဆန့်ကျင်တိုက်ဖျက်သွားရမည်ဟု နဝမအကြိမ်မြောက် ညီလာခံကြီးမှ လမ်းညွှန်ခဲ့သည်။

၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၀၁၀ရွေးကောက်ပွဲအား သပိတ်မှောက်လိုက်ကြောင်း ဆုံးဖြတ်ချက်ကို ညီလာခံကြီးမှ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုလိုက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ၁၉၉၀ပြည့်နှစ်ရွေးကောက်ပွဲရလဒ်ကို ဆက်လက်ဆုပ်ကိုင်တိုက်ပွဲဝင်နေသော အနိုင်ရနိုင်ငံရေးပါတီအားလုံး၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ရွေးကောက်ပွဲတို့အား ဆန့်ကျင်သပိတ်မှောက်သည့် လုပ်ငန်းစဉ်တိုင်းကို ထောက်ခံဝန်းရံသွားမည် ဖြစ်ပါသည်။

၃။ ၂၀၁၀ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေကြသော နိုင်ငံရေးပါတီများအနေဖြင့်လည်း နအဖ၏ တဖက်သတ် ဆောင်ရွက်နေသော အခြေအနေများအောက်တွင် မိမိတို့၏ရွေးကောက်ပွဲဝင်ရေး ပေါ်လစီများကို ပြန်လည်သုံးသပ်ပြီး ရွေးကောက်ပွဲကို တညီတညွတ်တည်း သပိတ်မှောက်ကြရန် ညီလာခံကြီးမှ အကြံပြု တိုက်တွန်းအပ်ပါသည်။

၄။ နအဖစစ်အုပ်စုမှ နယ်ခြားစောင့်တပ်(BGF)ဖွဲ့ရန် ဖိအားပေးတောင်းဆိုနေမှုများကို ငြင်းဆန်ပြီး မိမိတို့အမျိုးသားများကို ကာကွယ်စောင့်ရှောက်နိုင်ရန် တပ်တည်ရှိရေး၊ ပါတီတည်ရှိရေးတို့အတွက် ကြံ့ကြံ့ခံရပ်တည်နေသည့် အပစ်ရပ်တော်လှန်ရေး အင်အားစုများ၏ ရဲဝံ့တည်ကြည်သော တုန့်ပြန်မှုများအပေါ် ညီလာခံကြီးမှ အလေးအနက် ထောက်ခံဂုဏ်ပြုအပ်ပါသည်။

၅။ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ချက်သမ္မတနိုင်ငံ၊ ဩစတြေးလျနှင့် စလိုဗက်နိုင်ငံတို့၏ မြန်မာနိုင်ငံအတွင်း နအဖ စစ်အုပ်စု၏ စစ်ရာဇဝတ်မှုများ ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ကမ္ဘာ့ကုလသမဂ္ဂမှတဆင့် စုံစမ်းစစ်ဆေး ရေးကော်မရှင်တရပ် ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ကြိုးပမ်းမှုများအား ညီလာခံကြီးမှ ကြိုဆိုထောက်ခံ၍ လိုအပ် သော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်လည်း အဆင်သင့်ရှိကြောင်း ဖော်ပြလိုသည်။

၆။ ညီလာခံကြီးတွင် ယနေ့တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကြပ်အတည်းများအပြင် မိမိတို့ဒီမိုကရေစီနှင့် တိုင်းရင်းသားအရေးလှုပ်ရှားမှုကြီး၏ အကြပ်အတည်းနှင့် ရင်ဆိုင်နေရသော စိန်ခေါ်မှုများကိုလည်း ကျော်လွှားနိုင်ရန် ဆွေးနွေး ခဲ့ကြသည်။ ယနေ့ကာလ စိန်ခေါ်ချက်များကို ရင်ဆိုင်ကျော်လွှားနိုင်ရန်ဆိုလျှင် အင်အားစုအသီးသီးအကြား ညီညွတ်ရေးကို အစွမ်းကုန်တည်ဆောက်ရန်နှင့် မှန်ကန်သောတိုက်ပွဲလမ်းစဉ်များ ချမှတ်အကောင်အထည်ဖော်နိုင်ရန်တို့မှာ သော့ချက် ကျသော ကိစ္စရပ်များဖြစ်သည်ဟု ညီလာခံကြီးမှ ရှုမြင်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအနေဖြင့်

အင်အားစုအသီးသီးအကြား ခိုင်မာသောခေါင်းဆောင်မှုနှင့် ညီညွတ်သောလုပ်ရှားမှုများကို စုစည်းတည်ဆောက်ပေးရန် တာဝန်ရှိသည်ဟု ခံယူပါသည်။

၇။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီသည် စစ်အုပ်စုဆန့်ကျင်ရေးအင်အားစုအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်မှုများကို အစွမ်းကုန်အရှိန်မြှင့် ဆောင်ရွက်ကာ ညီညွတ်သောလှုပ်ရှားမှုဖြင့် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအား ဦးတည်ကာ စစ်အုပ်စုနှင့် စစ်အာဏာရှင်စနစ်ကို ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း နဝမအကြိမ်မြောက် ညီလာခံကြီးတွင် တညီတညွတ်တည်း သဘောထားချမှတ်ခဲ့ကြပါသည်။

နဝမအကြိမ်ညီလာခံ
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ(NCUB)
၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်။

ဆက်သွယ်ရန် – တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) – ဖုန်း – ၆၆–၈၁–၂၈၁၅– ၃၅၀
– တွဲဖက်အထွေထွေအတွင်းရေးမှူး(၂)– ဖုန်း – ၆၆–၈၁–၉၅၃၆–၁၁၄